ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်

စာအမှတ်၊ ၁ဆဘ(ဘ)၂၀၁၇ ( ၂၄၇၀ )။
ရက်စွဲ၊ ၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ ( ၂၈ )ရက်။

**ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများ အတွက် လျှောက်လွှာခေါ်ယူခြင်း**

၂၀၁၈-ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများ ဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ အရည်အချင်းသတ်မှတ်ချက်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်ခွဲ)၊ (ဓာတ်မှန်) ရာထူးဖြင့် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

(င) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက (၃)နှစ်ဆက်တိုက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာပိတ်ရက်မှာ ( ၁၆-၁-၂၀၁၈ )ရက် (အင်္ဂါနေ့) ဖြစ်ပါသည်။

၃။ ပူးတွဲလျှောက်လွှာပုံစံအတိုင်း ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။